# ဓာတ်ကမ္မဋ္ဌာန်း

တတ္ထ ဘဂဝါ ရူပကမ္မဋ္ဌာနံ ကထေန္တော သင်္ခေပမနသိကာရဝသေနဝါ ဝိတ္ထာရမနသိကာရ-ဝသေနဝါ စတုဓာတုဝဝတ္ထာနံ ကထေသိ။ (မူလပဏ္ဏာသ။ ဋ္ဌ၊ ၁ ၂၈၀)

ကမ္မဋ္ဌာန်းသည် ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်း - ဟု နှစ်မျိုး ရှိသည်။ ရုပ်ကိုရှုပွားသောအခါ ဓာတ်သဘောသည် ပိုပြီး ထင်ရှားသည် ဓာတ်သဘောကို မြင်သိလျှင် ပရမတ် (ထင်ရှားသော အရှိသဘော) ကို မြင်သိသဖြင့် ပညတ်သိ - (မထင်ရှားသော မရှိသဘော) သည် ပျောက်ကွယ်သည်၊ ဓာတ်ကို မမြင်သိလျှင် ပရမတ်ကို မမြင်မသိသဖြင့် ပညတ်သိသည် အားကောင်းနေတတ်သည်။

ငါ သူတစ်ပါးစသောပညတ်သိများ မပျောက်နိုင်၊ ထို့ကြောင့် ရုပ်ကမ္မဋ္ဌာန်းကို ဝိပဿနာရှုလျှင် ဓာတ်သဘောကို မြင်အောင်ရှုရမည်၊ ဓာတ်သဘောကို မြင်မှ ပရမတ်သဘောအမှန်ကိုမြင်သည်။ ပရမတ်သဘော အမြင်ထင်ရှားလျှင် ပညတ်အသိများ ပျောက်သည်။

ထိုဓာတ်ကမ္မဋ္ဌာန်းသည် အကျဉ်းရှုနည်း အကျယ်ရှုနည်း- ဟု နှစ်မျိုးရှိသည်။ ဗုဒ္ဓသည် မဟာသတိပဋ္ဌာနသုတ်၌ ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းရှုနည်းကို ဟောတော်မူသည်၊ မဟာရာဟုလောဝါဒသုတ်စသည်၌ကား ဓာတ်ကမ္မဋ္ဌာန်း အကျယ်ရှုနည်းကို ဟောတော်မူသည်။ ။

| ပထဝီဓာတ်သဘော (၆) မျိုး | |
|---|---|
| မာမှုသဘော | ပျော့မှုသဘော |
| ကြမ်းမှုသဘော | ချောမှုသဘော |
| လေးမှုသဘော | ပေါ့မှုသဘော |

| အာပေါဓာတ်သဘော (၂) မျိုး | |
|---|---|
| ယိုစီးမှုသဘော | ဖွဲ့စည်းမှုသဘော |

| တေဇောဓာတ်သဘော (၂) မျိုး | |
|---|---|
| ပူမှုသဘော | အေးမှုသဘော |

| ဝါယောဓာတ်သဘော (၂) မျိုး | |
|---|---|
| ထောက်ကန်မှုသဘော | တွန်းကန်မှုသဘော |

## ဓာတ်ကမ္မဋ္ဌာန်း အကျယ် (၄၂) မျိုး

### ပထဝီ(မြေဓာတ်) (၂၀)

ဆံပင်, အမွှေး ,လက်သည်း- ခြေသည်း, သွား,အရေ။(အရေထူ+အရေပါး) (၅)
အသား, အကြော, အရိုး, ချဉ်ဆီ,အညို့ (ကျောက်ကပ်) (၅)
နှလုံး, အသည်း,အမြှေး, အဖျဉ်း,အဆုတ် (၅)
အူမ, အူသိမ်, အစာသစ်,အစာဟောင်း, ဦးနှောက် (၅)

### အာပေါဓာတ် (ရေ) ( ၁၂)

-
သည်းခြေ,သလိပ် ,ပြည်, သွေး, ချွေး,အဆီခဲ, (၆)
မျက်ရည်,ဆီကြည်,တံတွေး,နှပ်,အစေး (၁၂) ကျင်ငယ်။ (၆)

### တေဇောဓာတ်(မီးဓာတ်) (၄)မျိုး

၁။ သန္တပ္ပနတေဇော -တစ်ရက်ခြား နှစ်ရက်ခြားဖျားခြင်းစသည်ဖြင့် ပြင်းစွာပူလောင်သောတေဇော
၂။ ဍာဟတေဇော (ဒဟနတေဇော) - မီးလို အလွန့်အလွန်ပြင်းထန်စွာ ပူလောင်သောတေဇော။
၃။ ဇိရဏတေဇော - အိုမင်း ရင့်ကျက် ဆွေးမြေ့စေသောပူလောင်သောတေဇော။
၄။ ပါစကတေဇော - အစာကိုကြေကျက်စေသောပူလောင်သောတေဇော

မှတ်ချက်။ ။ ဤတေဇောကောဋ္ဌာသတို့ကား ပထဝီ အာပေါကောဋ္ဌာသတို့လို ပုံသဏ္ဍာန်ကောဋ္ဌာသ မရှိပေ။

### ဝါယောဓာတ်(လေ) ၆ပါး

၁။ ဥဒ္ဓင်္ဂမ - အထက်သို့ ဆန်တက်သောလေ
၂။ အဓောဂမ - အောက်သို့ စုန်သောလေ
၃။ ကုစ္ဆိသယဝါယော - ဝမ်းဗိုက်အတွင်း အူ၏အပြင်ဘက်၌ တည်ရှိသောလေ
၄။ ကောဋ္ဌာသယဝါယော - အူအတွင်း၌ တည်ရှိသောလေ
၅။ အင်္ဂမင်္ဂါနုသာရီဝါယော - ကိုယ်အင်္ဂါကြီးငယ်သို့ အစဉ်လျောက်သော အကြောအတွင်း၌ တည်ရှိသောလေ
၆။ အဿာသပဿာသဝါယော - ဝင်သက်ထွက်သက်လေ

မဟာရာဟုလောဝါဒသုတ္တန် (မ ၊ ၁ ၊ ၂၄၂ - ၉ )။
အဘိဓမ္မာ ၊ ဓာတုဝိဘင်္ဂပါဠိတော် ( အဘိ ၊၂၂၄ - ၇)